COMMUNITY JUSTICE CENTRE

*Burmese*

## လူမှုအဖွဲ့အစည်း တရားမျှတမှုဆိုင်ရာဌာန

### လူမှုအဖွဲ့အစည်း တရားမျှတမှုဆိုင်ရာဌာန ဆိုသည်မှာဘာလဲ?

လူမှုအဖွဲ့အစည်း တရားမျှတမှုဆိုင်ရာဌာန (CJC) (စီဂျေစီ) ကို လူမှုအဖွဲ့အစည်းအတွင်းမှ ပြည်သူများ မိမိတို့အခြင်းခြင်း ဖြစ်ပွားသည့် အငြင်းအခုန်ကိစ္စများကို တရားရုံးတွင်ရင်ဆိုင်ရန်မလိုဘဲ ညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် ဖြန်ဖြေရေးဝန်ဆောင်မှု ပေးရန် မြောက်ပိုင်းဒေသအစိုးရမှ ဖွဲ့စည်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ဝန်ဆောင်မှုသည်အခမဲ့နှင့် စေတနာ့ဝန်ထမ်းဖြစ်ပြီး၊ အချိန် သက်သာကာ လွယ်ကူစွာအသုံးပြုနိုင်သည်။

### အဘယ်ကြောင့် ညှိနှိုင်းဖြေရှင်းရေးကို ရွေးချယ်ရသလဲ?

ညှိနှိုင်းဖြေရှင်းရေးဆိုသည်မှာ လူအများ မိမိတို့၏အငြင်းအခုန်ဖြစ်ကြရသော ကိစ္စရပ်များကို ဆွေးနွေးရန်တွေ့ဆုံခြင်းကို ခေါ်သည်။ ဤကဲ့သို့တွေ့ဆုံရာတွင် ပတ်သက်နေသူအားလုံးကို မိမိတို့ပြောလိုသည်များကိုပြောခွင့်ပေးပြီး ပြဿနာကို မိမိတို့က မည်သို့ဖြစ်စေလိုသည်ကိုလည်း တင်ပြခွင့်ပြုထားသည်။ ဤနည်းသည် အချိန်ကုန်ပြီး ငွေကုန်ကြေးကျများသည့် တရားရုံးရင်ဆိုင်ခြင်းပြုစရာမလိုသော နည်းဖြစ်သည်။

CJC (စီဂျေစီ) သည် လေ့ကျင့်သင်ကြားထားသော ညှိနှိုင်းဖြေရှင်းပေးသူများ၏အကူအညီဖြင့် ပြည်သူများအန္တရာယ်ကင်း သည့် ရိုးရိုးနေရာတစ်ခုတွင် မိမိတို့၏အငြင်းအခုန်ဖြစ်ကြရသောကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ပြုလုပ်ပေးထားသည်။

CJC (စီဂျေစီ) ၏ညှိနှိုင်းဖြေရှင်းခြင်းများကို လေ့ကျင့်သင်ကြားထားပြီး ဘက်လိုက်မှုမရှိသောညှိနှိုင်းဖြေရှင်းပေးသူ တစ်ဦး သို့မဟုတ်နှစ်ဦးက ပြုလုပ်ပြီး သူတို့သည် -

- ပြဿနာကိစ္စရပ်များကို သတ်မှတ်ခြင်း
- ကိစ္စရပ်များကို ဖြေရှင်းနိုင်သည့်နည်းလမ်းများကို စဉ်းစားခြင်း
- အခြားနည်းလမ်းများကို ရွေးချယ်ရန် စဉ်းစားခြင်း
- သဘောတူညီချက်ရရန် ညှိနှိုင်းဆောင်ရွက်ခြင်း ဖြင့်ကူညီမည်

ညှိနှိုင်းဖြေရှင်းပေးသူများက ညှိနှိုင်းဖြေရှင်းခြင်းလုပ်ငန်းအဆင့်ဆင့်ကို လမ်းညွှန်သည်။ ပါဝင်ပတ်သက်သူများက မည်သည့် အကြောင်းအရာကိုဆွေးနွေးမည်၊ မည်သည့်သဘောတူညီချက်ရသည်ကို မိမိတို့ဘာသာဆုံးဖြတ်သည်။

ညှိနှိုင်းဖြေရှင်းပေးသူများသည် တရားမျှတပြီး ဘက်လိုက်ခြင်းကင်းသည်၊ တရားဥပဒေဆိုင်ရာ အကြံဉာဏ်လည်း မပေးပါ။

ညှိနှိုင်းဖြေရှင်းခြင်းများအနက် ၈၅% ကျော်တွင်သဘောတူညီချက်ရခဲ့သည်။ များသောအားဖြင့် ညှိနှိုင်းဖြေရှင်းခြင်းများသည် လျှင်မြန်စွာစီစဉ်နိုင်ပြီး အကြမ်းဖျဉ်း ၂ နာရီမှ ၄ နာရီသာကြာသည်။

### အဘယ်ကဲ့သို့သော အငြင်းအခုန်ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းခြင်း ပြုသင့်သလဲ?

CJC အနေနှင့် အောက်ဖော်ပြပါကိစ္စရပ်များအပါအဝင် အငြင်းအခုန်ကိစ္စ အတော်များများတွင်ကူညီနိုင်ပါသည်။

- ရပ်ကွက်၊မြို့နယ်အတွင်း/အိမ်နီးခြင်းများသည် ခြံစည်းရိုး၊ ဆူညံသံ၊ အိမ်မွေးတိရစ္ဆာန်၊ သစ်ပင်၊ ပိုင်ဆိုင်ပစ္စည်း ပျက်စီးခြင်းနှင့် လူများ၏အပြုအမူ၊ အမူအရာများ
- လုပ်ငန်းခွင်ဆိုင်ရာဆက်ဆံရေး
- အသင်းဝင်များပြဿနာဖြစ်နေသည့် ကလပ်များနှင့် အဖွဲ့အစည်းများ
- မိသားစုဝင်များအခြင်းခြင်း ဆက်ဆံရေး
- တောင်းခံမှုအသေးစားများ/တရားမကြောင်းဆိုင်ရာတောင်းခံမှုများ
- ထိခိုက်နစ်နာသူနှင့် ပြစ်မှုကျူးလွန်သူတို့၏ တွေ့ဆုံဆွေးနွေးခြင်း
- အခြားသော အငြင်းအခုန်ကိစ္စအမျိုးမျိုး

**ညှိနှိုင်းဖြေရှင်းခြင်းကို စီစဉ်သည့်နည်း**

သင်သည် ကျွန်ုပ်တို့၏အခမဲ့တယ်လီဖုန်းကိုခေါ်နိုင်သည်။ စာ၊ အီးမေးလ်ပို့နိုင်သည်။ သို့မဟုတ်ကိုယ်တိုင်လာတွေ့နိုင်သည်။

အခမဲ့ စကားပြန်ဝန်ဆောင်မှုရနိုင်သည်။

သင်က CJC ကိုခေါ်ပါက ကျွန်ုပ်တို့၏ အတွေ့အကြုံရင့်ကျက်သောဝန်ထမ်းများက

- ပြဿနာအကြောင်း သင်နှင့်ပြောကြပြီး ထိုပြဿနာအား သင့်ဘာသာမည်ကဲ့သို့ဖြေရှင်းနိုင်သည့်အကြောင်းကို ဆွေးနွေးမည်။
- သိသင့်သည့်အချက်များကိုပြောပြမည်။ ထို့ပြင်/သို့မဟုတ် ဆက်လက်ရည်ညွှန်းရန်လိုအပ်လျှင် ရည်ညွှန်းပေးမည်။
- သင်၏ အခြေအနေကိုစွသည် ဖြေရှင်းရန်သင့်၊မသင့်ကို လေ့လာသုံးသပ်ပြီး ဖြေရှင်းသင့်ပါက သင့်အကြောင်း၊ သင်စိတ်မကြည်လင်ရခြင်းနှင့် ပတ်သက်သူများအကြောင်းကို မေးပါမည်။
- သင်သဘောတူခွင့်ပြုပါက ထိုသူ/ထိုသူများကို ကျွန်ုပ်တို့ဆက်သွယ်ပြီး နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ညှိနှိုင်းဖြေရှင်းရန် စီစဉ်ပါမည်။

ညှိနှိုင်းဖြေရှင်းပေးခြင်းများကို နေ့ပိုင်း၊ ညနေပိုင်း သို့မဟုတ် စနေ၊တနင်္ဂနွေနေ့များတွင် ပြုလုပ်ပေးနိုင်ပါသည်။

ညှိနှိုင်းဖြေရှင်းပေးခြင်းများကို ဒါဝင်မြို့တော်ရှိ လူမှုအဖွဲ့အစည်း တရားမျှတမှုဆိုင်ရာဌာန (CJC) သို့မဟုတ် ဒေသအတွင်းမှ သင်တော်ရာ ရပ်ကွက်နေရာများတွင် ပြုလုပ်ပါသည်။

တယ်လီဖုန်းပေါ်မှတဆင့် ဆက်သွယ်ဆွေးနွေးခြင်းများလည်းပြုလုပ်နိုင်ပါသည်။

**ဆက်သွယ်ရန်**

ပိုမိုသိလိုလျှင် သို့မဟုတ် အကူအညီလိုလျှင်

တယ်လီဖုန်း - 1800 000 473
ဖက်စ် - 08 8999 6226

အီးမေးလ် - cjc@nt.gov.au

စာပို့ရန်

PO Box 41964
CASUARINA NT 0811

ကိုယ်တိုင်လာတွေ့ရန်လိပ်စာ

၇ ထပ်
Building 2B1
15-17 Scaturchio Street
Casuarina NT 0810